CHERRY FOUNDATION
MPs Support Center
WEEKLY Ethnic News Collection
ETHNIC PEACE FEDRALISM

# ကောက်နုတ်ထားသော သတင်းခေါင်းစဉ်များ

(No, 46.November 15, 2019)

၁။ ကျေးသီးဒေသခံများစုပေါင်းကာ ဘျှမ်းစာပါသောဈေးနှင့် လမ်းဆိုင်းဘုတ်များစိုက်ထူ

၂။ ဦးဇော်တင်းအပါအဝင်ဝန်ထမ်းများ၊ အရပ်သားများကိုအမြန်ဆုံးပြန်လွှတ်ပေးရန် ပြည်ထောင်စုလွှတ်တော်တွင် တောင်းဆို

၃။ လိုင်ဇာကိုလက်နက်ကြီးကျရောက်သည့်သတင်းမှာ မဟုတ်မှန်ဟု နစ်ဖက်တာဝန်ရှိသူများပြော

၄။ ရပ်စောက်မြို့နယ်တွင် ဒေသခံအမျိုးသမီးတဦးအား သေနတ်သမားတဦးဝင်ရောက်ပစ်ခတ်

၅။ ဦးဇော်တင်းကိုပြန်လွှတ်ပေးဖို့ ချင်းအရပ်ဖက်လူမှုအဖွဲ့အစည်း (၄၀) ကျော်တောင်းဆို

၆။ မြန်မာအစိုးရနှင့်မြောက်ပိုင်း (၄)ဖွဲ့တွေ့ဆုံမည့်နေရာကိစ္စ ဆွေးနွေးနေဆဲ

၇။ မိမိဒေသအတွက်ပြောဆိုမှုအပေါ် AA မှ ခြိမ်းခြောက်နေလည်းမတတ်နိုင်ဘူးဟု ဝန်ကြီးဦးစိုးထက်တုံ့ပြန်

၈။ လာမည့်ရွေးကောက်ပွဲတွင် ကြံ့ခိုင်မဲဖြင့် အနိုင်ယူမရအောင်ဆောင်ရွက်မည်ဟု ကော်မရှင်ဥက္ကဋ္ဌပြော

၉။ ကျောက်မဲမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွါးခရီးသွားလူထုလမ်းခရီးနှောင့်နှေးကြန့်ကြာရ

၁၀။ ၂၀၂၀ ရွေးကောက်ပွဲ မေလတွင် ကျင်းပမည်မဟုတ်

၁၂။ မြန်မာ့အရေးဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂညီလာခံ၌ ယခုအပတ်အတွင်းမဲခွဲဆုံးဖြတ်မည်

၁၄။ ANP ပါတီလာမည့်ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်း၌ ယှဉ်ပြိုင်မည်

၁၅။ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများတွင် ဟိန္ဒူ၊ သက်၊ ရခိုင်၊ ဗမာ၊ ရှမ်း၊ ချင်း တိုင်းရင်းသားများကို တရားမဲ့ဖမ်းဆီးခေါ်ဆောင်မှုများ၊ ခြိမ်းခြောက်သတ်ဖြတ်မှုများကို မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အရေးတယူစစ်ဆေးကူညီပေးစေလိုဟု လွှတ်တော်ကိုယ်စားလှယ် ဆွေးနွေး

၁၆။ အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တုံ့ပြန်ချက်များကိုသိရှိလိုကြောင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တင်ပြဆွေးနွေး

၁၇။ ရခိုင်ပြည်နယ်ရှိမဲဆန္ဒနယ် အားလုံးတွင် ရွေးကောက်ပွဲကျင်းပရန် အစီအစဉ်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ပြောကြား

၁၈။ မြေပုံမြို့နယ်ယိုးချောင်းဒေသတွင်းရှိ ဒေသခံများ AA အဖွဲ့နှင့်ဆက်စပ်မှုရှိ၊ မရှိ တပ်မတော်ကစစ်ဆေးနေပြီး ဆက်စပ်မှုရှိပါက ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်မည်

၁၉။ ကရင်နီလူငယ်တွေကိုထောင်ဒဏ်ချမှတ်လိုက်တာဟာ နိုင်ငံရေးရာဇဝတ်မှုကျူးလွန်ခြင်းဖြစ် သည်ဟုဆို

၂၀။ ၂၀၁၉ ခုနှစ်အတွက် ပဒိုမန်းရှာလူငယ်ခေါင်းဆောင်ဆု အဆိုပြုလွှာစတင်ခေါ်ယူ

၂၁။ ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ရေးအတွက် စွမ်းဆောင်ပေးမည်ဟု ကရင်ဝန်ကြီးချုပ်ပြော

၂၂။ ပလက်ဝမြို့နယ်တွင် ညမထွက်ရအမိန့်ထုတ်ပြန်

၂၃။ ကျုံဒိုးတန်ဆောင်တိုင်ရဲလှည့်ကင်း မော်တော်ယာဉ်လက်ပစ်ဗုံးပစ်ခံထိ ၄ ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိ

၂၄။ တိုင်းရင်းသားဒေသများတွင် ရွေးကောက်ပွဲများစိန်ခေါ်မှုများပိုများမည်

၂၅။ TNLA နှင့် တပ်မတော် ယခုလအတွင်း တိုက်ပွဲ ၅ ကြိမ်ဖြစ်

၂၆။ ကွတ်ခိုင်မြို့အနီးတွင် ပစ်ခတ်မှုများဖြစ်ပွားသဖြင့် ကိုယ်ပိုင်ကျောင်းမှ ကျောင်းကြိုယာဉ်မောင်းနှင့် ဆရာ တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ကွတ်ခိုင်မြို့တွင်းရှိ စျေးကိုလည်းပိတ်ထားရ

***********

## ၁။ **ကျေးသီးဒေသခံများစုပေါင်းကာသျှမ်းစာပါသောစျေးနှင့်လမ်းဆိုင်းဘုတ်များစိုက်ထူ**

November. 12. 2019

သျှမ်းပြည်တောင်ပိုင်း ကျေးသီးမြို့တွင် သျှမ်းစာပါသောစျေးနှင့်လမ်းဆိုင်းဘုတ်များကို ဒေသခံများစုပေါင်း စိုက်ထူခဲ့ကြကြောင်း သိရသည်။

နိုဝင်ဘာလ ၁၀ ရက်က ကျေးသီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်နှင့် စည်ပင်သာယာရေးတို့မှ ဦးဆောင်ကာ ကျေးသီးမြို့ မြို့မစျေးကြီးအား သျှမ်းဘာသာဖြင့် “ဢတ်ႇလူင်ဝ□င်ႈဒေးသီး ”မြန်မာဘာသာဖြင့် “ ကျေးသီးမြို့နယ် စည်ပင်သာယာရေးဈာနစျေး ”ဟု ရေးသားထားသော ဆိုင်းဘုတ်တင်ခဲ့ကြောင်းသိရသည်။

ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိုင်းစံမိန်းက – “ကျနော်တို့ နိုဝင်ဘာ ၁၀ ရက်နေ့ တုန်းက ဆိုင်းဘုတ်တင်လိုက်တယ်။ အခမ်းအနားနဲ့တော့မလုပ်ခဲ့ပါဘူး။ ဒီတိုင်းဘဲတင်သွားတာပါ။ အရင်တုန်းကတော့ မြန်မာစာနဲ့ ရေးသားထားပါတယ်။ ကျနော်တို့သျှမ်းစာလေးနဲ့ ထပ်ရေးထည့်ချင်လို့ဆိုပြီး စျေးသူစျေးသားတွေ ဆီကနေ အလှူငွေကောက်ခံပါတယ်။ နောက်ပြီးတော့ စေတနာရှင်အလှူရှင်တချို့ကလည်း သဒ္ဒါတတ်အားသရွေ့ ပါဝင်ကူညီထားပါတယ်။” ဟု သျှမ်းသံတော်ဆင့်အားပြောသည်။

ကျေးသီးမြို့မစျေးဆိုင်းဘုတ်အားသျှမ်း- မြန်မာ ၂ ဘာသာရေးသားပြီး စိုက်ထူမှုမှာ ကုန်ကျစရိတ်ကျပ် ၁၀ သိန်းခန့် ရှိကြောင်းသိရသည်။ https://www.bnionline.net/mm/news-69175

************

## ၂။ ဦးဖေ့တင်းအပါအဝင်ဝန်ထမ်းများ၊ အရပ်သားများကို အမြန်ဆုံးပြန်လွှတ်ပေးရန် ပြည်ထောင်စုလွှတ်တော်တွင် တောင်းဆို

November. 14. 2019

တပ်မတော်၏လက်ကိုင်တုတ်အဖြစ် လုပ်ဆောင်သည်ဟူသော စွပ်စွဲချက်ဖြင့် ရက္ခိုင့်တပ်(AA)က ဖမ်းဆီးထားသည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အာဏာရပါတီ၏ အမျိုးသားလွှတ်တော်အမတ် ဦးဖေ့တင်းအပါအဝင် ဝန်ထမ်းများ၊ အရပ်သားများကိုအန္တရာယ်ကင်းစွာဖြင့် ခြွင်းချက်မရှိအမြန်ဆုံးပြန်လွှတ်ပေးရန် ယနေ့ပြည်ထောင်စုလွှတ်တော်တွင် အရေးကြီးအဆိုတင်သွင်းထားကြောင်း လွှတ်တော်နာယကကပြောကြားသည်။

အဆိုပါအရေးကြီးအဆိုကို ပြည်သူ့လွှတ်တော်၏ လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဒေါက်တာလှမိုးက တင်သွင်းထားခြင်းဖြစ်ကြောင်း၊ အရေးကြီးအဆိုပါအကြောင်းအရာသည် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ များနှင့်လည်းညီညွှတ်ကြောင်း နှင့် ယင်းအဆိုနှင့်ပတ်သက်ပြီး အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်၊ မသင့် အဆုံးအဖြတ်ရယူခြင်းအစီအစဉ်ကို မွန်းလွဲပိုင်းတွင် လုပ်ဆောင်မည်ဟု နိုဝင်ဘာ ၁၃ ရက်၊ပြည်ထောင်စုလွှတ်တော်အစည်းအဝေးအစပိုင်းတွင် ဦးတီခွန်မြတ်က လွှတ်တော်သို့ အသိပေးခဲ့သည်။

ဦးဖေ့တင်းကိုဖမ်းဆီးခြင်းသည် "နိုင်ငံတော်ကဆောင်ရွက်နေသည့် အမျိုးသားရင်ကြားစေ့ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုတို့အပြင် ပြည်သူလူထုဆန္ဒနှင့်ကိုယ်စားပြုမှုအပေါ် တိုက်ရိုက်ဆန့်ကျင် အကြမ်းဖက်ခြင်း" ဟုဆိုကာ "ယခုကဲ့သို့ ဦးဖေ့တင်းနှင့်တကွ ဝန်ထမ်းများ၊အရပ်သားများကို ဖမ်းဆီးခြင်းအားလုံးကို စိတ်ချအန္တရာယ်ကင်းရှင်းစွာ ခြွင်းချက်မရှိအမြန်ဆုံးပြန်လည် လွှတ်ပေးပါရန်တောင်းဆိုကြောင်း" ဒေါက်တာလှမိုး၏ အရေးကြီးအဆိုတွင်ပါရှိသည်။ https://www.bnionline.net/mm/news-69219

************

## ၃။ လိုင်ဇာကိုလက်နက်ကြီးကျရောက်သည့်သတင်းမှာမဟုတ်မှန်ဟုနှစ်ဖက်တာဝန်ရှိသူများပြော

November. 11. 2019

ကချင်လွတ်လပ်ရေးအဖွဲ့ (KIO /KIA) ဌာနချုပ်တည်ရှိရာ လိုင်ဇာမြို့ရှိ တောင်ကုန်းတစ်ခုအပေါ် တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်သည်ဟူသော သတင်းမှာမဟုတ်မှန်ကြောင်း KIO နှင့် တပ်မတော်မှတာဝန်ရှိသူများက ပြောသည်။

နိုဝင်ဘာ ၇ ရက်နေ့ ည ၁၁ နာရီခန့်တွင် လိုင်ဇာရှိအထွေထွေအုပ်ချုပ်ရေးဌာန တည်ရှိရာ တောင်ကုန်းပေါ်သို့ လက်နက်ကြီးကျရောက်ခဲ့ကြောင်း ကချင်သတင်းဌာနတစ်ခုမှ စတင်ဖော်ပြခဲ့ခြင်းလည်းဖြစ်သည်။

" တကယ်ဖြစ်တာက ကျွန်တော်တို့ နယ်စပ်ချောင်းမှာ သူတို့ဥမင်လိုဏ်ခေါင်းဖောက်တယ်လေ။ သူတို့က ကျောက်ဖောက်တယ်လို့ ပြောကြတယ်။ အဲ့နေ့ ည ၁၁ နာရီလောက်မှာ။ အသံတူမှာပေါ့လက်နက်ကြီးသံနဲ့ ကျောက်ဖောက်တဲ့အသံနဲ့" ဟု KIO ဗဟိုကော်မတီဝင် ဦးဒွဲဗီဆားကပြောသည်။

အလားတူလတ်တလောတွင် ကချင်လွတ်လပ်ရေးအဖွဲ့နှင့်တိုက်ပွဲဖြစ်ပွားခြင်းမရှိသကဲ့သို့ ကချင်ပြည်နယ်အတွင်း လက်နက်ကြီးပစ်ခတ်မှုများလည်းမရှိကြောင်းတပ်မတော်ဘက်မှပြောသည်။

တပ်မတော်သတင်းမှန်ပြန်ကြားရေးမှ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက "ကချင်ဘက်မှာ ထိတွေ့တိုက်ပွဲမရှိပါဘူးခင်ဗျ" ဟုဆိုသည်။

ကချင်ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (PCG)မှ တာဝန်ရှိသူ ဦးဆန်းအောင်ကလည်း ၎င်းအနေဖြင့် လိုင်ဇာကို လက်နက်ကြီးကျသည်ကို မကြားမိဟုဆိုသည်။ https://www.bnionline.net/mm/news-69172

************

## ၄။ ရပ်စောက်မြို့နယ်တွင်ဒေသခံအမျိုးသမီးတဦးအားသေနတ်သမားတဦးဝင်ရောက်ပစ်ခတ်

November. 13. 2019

သျှမ်းပြည်တောင်ပိုင်း ရပ်စောက်မြို့နယ်တွင် အမျိုးသမီးတဦးအား သေနတ်သမားတဦးက နေအိမ်အထိဝင်ရောက် ပစ်ခတ်ခဲ့ကြောင်းသိရသည်။

နိုဝင်ဘာလ ၁၀ ရက် ညနေပိုင်းက ရပ်စောက်မြို့နယ် နောင်ပိုးရွာနေ နန်းခမ်းစိန် အသက် ၄၃ နှစ်သည် လယ်တောမှ နေအိမ်ပြန်အရောက်တွက် အသက် ၂၅ နှစ်ခန့်အရွယ်ရှိ အမျိုးသားတဦးက ဆိုင်ကယ်ဖြင့် အိမ်ဝင်း အတွင်း ဝင်ရောက်ကာပစ်ခတ်ခဲ့သဖြင့် ကျည် ၄ ချက်ထိမှန်ပြီး နေရာတွင် ပင်ပွဲချင်းပြီးသေဆုံးခဲ့ကြောင်းသိရသည်။

"သူ့ရဲ့ရင်ဘတ်မှာတချက်၊ ညာဘက်လက်မှာတချက်၊ ပေါင်မှာတချက်နဲ့ ဗိုက်မှာတချက် ကျည်ဆံဝင်သွားတယ်။ နေအိမ်မှာဘဲ ပွဲချင်းပြီးသေသွားတယ်။ သူ့ရဲ့အလောင်းကိုတော့ ရပ်စောက်ဆေးရုံမှာဘဲ ရင်ခွဲစစ်ဆေးပြီးတော့ မနေ့က ညနေ ၄ နာရီလောက်မှာ သဂြိုဟ်လိုက်ပါတယ်။ ဘာကြောင့်လဲဆိုတာတော့ ကျနော်တို့မသိပါဘူး။ အမျိုးတွေကြားမှာ ထင်မြင်ချက်ပေးနေတာတခုကတော့ ငွေရေးကြေးရေးကိစ္စဘဲရှိမယ်ထင်တယ်လို့ ပြောပါတယ်။ " – ဟု ဆွေမျိုးတော်စပ်သူ စိုင်းနောင့်ကပြောသည်။

ပစ်ခတ်ခံရသည့် ကျည်ခွံအားရဲများစစ်ဆေးရာတွင် မြန်မာအစိုးရ၏ ကာကွယ်ရေးဌာနမှ ထုတ်ပေးသောကျည် မဟုတ်ကြောင်း၊ နယ်စပ်မှရောင်းဝယ်သည့် ကျည်ခွံဖြစ်ကြောင်း၊ ပစ်ခတ်မှုတရားခံကိုလည်း ရှာဖွေနေကြောင်း ပြောဆိုနေကြသည်။ https://www.bnionline.net/mm/news-69206

***********

## ၅။ ဦးဝေ့တင်းကို ပြန်လွှတ်ပေးဖို့လချင်းအရပ်ဖက်လူမှုအဖွဲ့အစည်း (၄၀) ကျော်တောင်းဆို

November. 12. 2019

ရက္ခိုင့်တပ်မတော် (AA) တပ်ဖွဲ့က ဖမ်းဆီးထားသည့် ချင်းပြည်နယ် ပလက်ဝမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေ့တင်းကို အမြန်ဆုံးပြန်လွှတ်ပေးရန် ချင်းအရပ်ဖက်လူမှုအဖွဲ့အစည်း (၄၀) ကျော်က ယနေ့တောင်းဆိုလိုက်သည်။

AA တပ်ဖွဲ့အနေဖြင့် ဦးဝေ့တင်းကို တစ်ဖက်သတ်စွပ်စွဲချက်များဖြင့် ဖမ်းဆီးအဆက်အသွယ်ဖြတ်ထားသည်မှာ ယနေ့ နိဝင်ဘာလ (၁၁) ရက်နေ့တွင် ၉ ရက် မြောက်ရှိနေပြီဖြစ်ကြောင်း ဦးဝေ့တင်း၏ ကျန်းမာရေးနှင့် ရုပ်ပိုင်းဆိုင်ရာ အခြေအနေများအတွက် များစွာစိုးရိမ်မကင်းဖြစ်ကြရပြီး အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုသည်ဟု ချင်းအရပ်ဖက်လူမှုအဖွဲ့အစည်း (၄၃) ဖွဲ့က ယနေ့ နေ့စွဲဖြင့် ပူးတွဲကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

ခူမီးချင်းမျိုးနွယ်စုများပေါင်းစပ်ညှိနှိုင်းရေးကောင်စီ (KACC) မှ ညှိနှိုင်းရေးမှူး အိုက်စောမြက "AA တပ်ဖွဲ့အနေနဲ့ ဦးဝေ့တင်းကို ဖမ်းဆီးတာဟာ သူ့ရဲ့မဲဆန္ဒနယ်မှာရှိတဲ့ လူထုတရပ်လုံးကို စော်ကားလိုက်သလိုဘဲ လူထုရွေးကောက်တင်မြောက်ထားတဲ့ ကိုယ်စားလှယ်ကို ဖမ်းတယ်ဆိုတာက ဒေသခံမဲဆန္ဒရှင်တွေကို စော်ကားလိုက်သလိုဘဲ ပြောမယ်ဆိုရင် အချုပ်အခြာအာဏာကိုပါ ထိပါးလိုက်သလိုဘဲ AA တပ်ဖွဲ့အနေနဲ့ တကယ်မလုပ်သင့်တဲ့ အထဲမှာပါတယ်" ဟု ပြောသည်။ https://www.bnionline.net/mm/news-69186

*************

## ၆။ မြန်မာအစိုးရနှင့် မြောက်ပိုင်း (၄)ဖွဲ့ တွေ့ဆုံမည့် နေရာကိစ္စ ဆွေးနွေးနေဆဲ

မြန်မာအစိုးရနှင့် မြောက်ပိုင်းမဟာမိတ် (၄)ဖွဲ့တို့ ယခုလအတွင်း တွေ့ဆုံမည့်နေရာအတွက်ဆက်လက် ဆွေးနွေးနေဆဲဖြစ်ကြောင်း နှစ်ဖက်တွေ့ဆုံမှုအတွက်ကြားဝင်ကူညီပေးသော ငြိမ်းချမ်းရေး အကျိုးဆောင်များဆိုပါသည်။

အပစ်အခတ်ရပ်စဲရေး (bilateral ceasefire) ကိစ္စ တွေ့ဆုံဆွေးနွေးမည့် 'နေရာနှင့် နေ့ရက်'အတွက် နှစ်ဖက် ဆွေးနွေးနေဆဲ အခြေအနေဖြစ်ပြီး ယခုချိန်အထိမသိရသေးကြောင်း မြစ်ကြီးနားအခြေစိုက် ကချင်ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့ PCG (Peace-talk Creation Group) မှဒူဝါ Lamai Gum Ja ကကချင်သတင်းဌာန KNG ကို စနေနေ့ကပြောပါသည်။ နှစ်ဖက်သဘောတူသော နေရာတွင် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်သည်။

မြောက်ပိုင်းမဟာမိတ်ကချင် KIO၊ ရခိုင် AA၊ ကိုးကန့် MNDAA နှင့်တအာင်း TNLA တို့က ၎င်းတို့ လုံခြုံရေးအတွက် ဆွေးနွေးပွဲကို တရုတ်နိုင်ငံမှာပြုလုပ်ရန်လိုလားသော်လည်း အစိုးရဘက်ကတော့ မြန်မာပြည်အတွင်း ပြုလုပ်ရန် လိုလားခြင်း ဖြစ်သည်။ https://www.bnionline.net/mm/news-69183

*******************

## ၇။ မိမိဒေသအတွက် ပြောဆိုမှုအပေါ် AA မှ ခြိမ်းခြောက်နေလည်းမတတ်နိုင်ဘူးဟုဝန်ကြီးဦးစိုးထက်တုံ့ပြန်

November. 13, 2019

ရက္ခိုင့်တပ်မတော် (AA) မှ ပလက်ဝဒေသခံအချို့ကို ထပ်မံဖမ်းစီးရန်ဟု စာရင်းများထွက်ပေါ်ရာတွင် ချင်းပြည်နယ် အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဝန်ကြီးဦးစိုးထက်၏ အမည်စာရင်းပါရှိနေမှုအပေါ် မိမိဒေသအတွက် ပြောဆိုခြင်း ဖြစ်သဖြင့် ခြိမ်းခြောက်နေလည်း မတတ်နိုင်ဘူးဟု ဝန်ကြီးကပြန်လည်တုံ့ပြန်လိုက်သည်။

ဝန်ကြီးဦးစိုးထက်က "သူတို့စိတ်ထားနဲ့ဖြစ်မှာပေါ့၊ ကျွန်တော်တို့ကတော့ ကိုယ့်ဒေသအတွက်ပြောနေအုံးမှာပဲ၊ လက်ရှိမှာက သူတို့တော့တော်လွန်ရေးလုပ်တာမဟုတ်ဘူး၊ အကြမ်းဖက်သေဘာဖြစ်နေပြီ၊ ဆိုတော့ကျွန်တော်တို့ ကတော့ ကိုယ့်ဒေသအတွက် မီဒီယာကိုပြောမယ်အဲ့မှာ ခြိမ်းခြောက်တာတော့မတတ်နိုင်ဘူးလေ" ဟု ပြောသည်။

ခုမီးမျိုး နွယ်စုပေါင်းစပ်ရေးရာကောင်စီ ဥက္ကဌဖြစ်သူဦးကျော်ငြိမ်းက "ကျွန်တော်တို့ကို ပြန်ခြိမ်းခြောက်တယ်။ အဲဒီ စာရင်းမှာ ကျွန်တော်ပါတယ်၊ စည်ပင်ဝန်ကြီးဦးစိုးထက်၊ ဆလိုင်းအိုင်ဇက်ခင်၊ ဦးစောမြ၊ လွတ်တော် ကိုယ်စားလှယ် ဦးအောင်ရွှေပါတယ်။ ကျွန်တော်သိသေလောက်ပေါ့" ဟုပြောသည်။

နိုဝင်ဘာလ (၃)ရက်နေ့ကလည်း အိန္ဒိယနိုင်ငံသားများအပါအဝင် ပလက်ဝမြို့နယ် အမျိုးသားလွတ်တော် ကိုယ်စား လှယ် ဦးဝှေ ့တင်းကိုဖမ်းစီးခဲ့ပြီး ဦးဝှေ့တင်းမှလွဲပြီး ပြန်လွတ်ပေးခဲ့သည်။ အဆိုပါကိ စ္စနှင့် ပတ်သက်ပြီး ရက္ခုင့် တပ်မတော်မှ ပြောရေးဆိုခွင့်ရှိ သူ ခိုင်သုခက စစ်ဆေးစရာကိစ္စရပ်များရှိနေသေးသည့်အတွက် ဆက်လက် ထိန်း သိမ်း ထားခြင်းဖြစ်ကြောင်းမီဒီယာမှာပြောကြားခဲ့သည်။ https://www.bnionline.net/mm/news-69187

************

## ၈။ လာမည့်ရွေးကောက်ပွဲတွင်ကြိုတင်မဲဖြင့်အနိုင်ယူမရအောင် ဆောင်ရွက်မည်ဟု ကော်မရှင်ဥက္ကဌပြော

November. 13. 2019

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်မဲများဖြင့် အနိုင်ယူခြင်းမရှိစေရေးဆောင်ရွက်မည်ဟု ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဌ ဦးလှသိန်းကပြောသည်။

"၂၀၂၀ ရွေးကောက်ပွဲမှာ ကြိုတင်မဲနဲ့ ဘယ်လိုနည်းနဲ့မှ အနိုင်ယူလို့မရအောင်၊ ဘယ်လိုနည်းနဲ့မှ ဖွားလို့မရအောင် ကျွန်တော်တို့ကော်မရှင်မှာ တာဝန်ရှိပါတယ်"ဟု ယမန်နေ့က နေပြည်တော်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် သင်တန်း၌ ၎င်းကပြောသည်။

ယခင်ရွေးကောက်ပွဲများက ကြိုတင်မဲဖြင့် မတရားအနိုင်ယူသည်ဆိုသည့် အကြောင်းအရာကိုပြည်သူများကြား အပြောအများဆုံးဖြစ်၍ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ထိုသို့မဖြစ်စေရန် အထူးအာရုံစိုက်၍ ဆောင်ရွက်ရန် ရွေးကောက်ပွဲကော်မရှင် ဝန်ထမ်းများကို ဦးလှသိန်းကမှာကြားသည်။ ကြိုတင်မဲကို မိမိမဲဆန္ဒနယ်ပြင်ပ ရောက်ရှိ နေသူများက အများဆုံးပေးပြီး ၎င်းတို့ထဲတွင် တပ်မတော်သား ၊ရဲများနှင့် ၎င်းတို့နှင့်အတူ နေမိသားစုဝင်များ၊ အစိုးရ ခွင့်ပြုချက်ဖြင့် ပြည်ပရောက်နေသူများ၊ အချုပ်ခန်းတွင် အချုပ်ခံထားရသူများပါဝင်သည်။ https://www.7daydaily.com/section?id=7

## ၉။ ကျောက်မဲမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွါး ခရီးသွားလူထု လမ်းခရီးနှောင့်နှေးကြန့်ကြာရ

November. 13. 2019

သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ်အတွင်း အစိုးရတပ်မတော်နှင့်တအာင်း TNLA တပ်တို့ကြား တိုက်ပွဲဖြစ်ပွါးသဖြင့် ဒေသခံလူထုလမ်းခရီးပြတ်တောက်ကြန့်ကြာခဲ့ရကြောင်းသိရသည်။

နိုဝင်ဘာလ ၁၁ ရက်ယမန်နေ့က ည ၇ နာရီအချိန်ကစပြီး ကျောက်မဲမြို့နယ် ကွန်ကောက်အုပ်စု တော့ဖယ်ရွာ အနီး အစိုးရတပ်နှင့် TNLA ကြားပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွါးခဲ့သည့်အပြင် မိုင်းငေါ့မြို့နယ်ခွဲဘက်မှနေ၍ အစိုးရတပ်မှ လက်နက်ကြီးပစ်ခတ်သဖြင့် မိုင်းငေါ့ – ကျောက်မဲခရီးသွားလူထု ခရီးပြတ်တော့ကြန့်ကြာခဲ့ရကြောင်း မိုင်းငေါ့ ဒေသခံ လုံးစိုင်းကပြောသည်။

"မနေ့ကမနက်ပိုင်းကတည်းက အသံတွေကြားရတယ်။ တော့ဖယ်-ကွန်ကောက်ဘက်မှာပေါ့။ သေနတ်သံက ည ၇ နာရီ လောက်မှာပိုမိုပြင်းထန်လာတယ်။ မိုင်းငေါ့ဘက်ကနေပစ်တဲ့အသံတွေလည်း မနေ့က ၇ လုံး ၈ လုံးလောက် ကြားရတယ်။ ဒီနေ့လည်းကြားရတယ်။ မိုင်းငေါ့-ကျောက်မဲအသွားအလာ တောင်မရှိဘူး။ ကထိန်လှည့် အလှူပြုချိန်မှာ ဒေသခံလူထုအလှူတာင်ကောင်းကောင်းမပြုရတော့ဘူး။ ပစ်ခတ်တိုက်ခိုက်နေကြတာနဲ့ " ဟု ကုန်သည်တဦးလည်းဖြစ်သော အသက် ၆၀ ကျော်အရွယ် လုံးစိုင်းကပြောသည်။ https://www.bnionline.net/mm/news-69205

************

## ၁၀။ ၂၀၂၀ ရွေးကောက်ပွဲ မေလတွင်ကျင်းပမည်မဟုတ်

November. 13. 2019

၂၀၂၀ အထွေထွေရွေးကောက်ပွဲကျင်းပမည့်ကာလကို သတ်မှတ်ထားခြင်းမရှိသေးသော်လည်း လာမည့်နှစ် မေလအတွင်း ကျင်းပဖွယ်ရှိကြောင်း သတင်းထွက်ပေါ်နေခြင်းသည် မှန်ကန်မှုမရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြောရေးဆိုခွင့်ရှိသူ ဦးမြင့်နိုင်ကပြောသည်။ နေပြည်တော်၌ ယမန်နေ့က ကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းခေတ္တရပ်နားစဉ် မီဒီယာများ၏ မေးမြန်းမှုကို ၎င်းကပြန်လည်ဖြေကြားခြင်းဖြစ်သည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲကို ယခင်ရွေးကောက်ပွဲများကျင်းပချိန် ထက်စော၍ လာမည့်နှစ်လယ်အတွင်း ကျင်းပဖွယ်ရှိကြောင်း လူမှုကွန်ရက်၌ ရေးသားဖော်ပြမှုများရှိသည်။ သို့သော်ကော်မရှင်ပြောရေးဆိုခွင့်ရှိသူ ဦးမြင့်နိုင်ကမူ ထိုသို့လုံးဝမဖြစ်နိုင်ကြောင်းပြောသည်။

"ငါးလပိုင်းကတော့မကျင်းပနိုင်ပါဘူး။ ဘယ်လိုမှငါးလပိုင်းတော့မဖြစ်ဘူး"ဟု ဦးမြင့်နိုင်ကပြောသည်။ https://www. 7daydaily.com/section?id=7

************

## ၁၁။ မြန်မာ့အရေးဆုံးဖြတ်ချက်တစ်ရပ်ကိုကုလသမဂ္ဂညီလာခံ၌ယခုအပတ်အတွင်းမဲခွဲဆုံးဖြတ်မည်

November. 11. 2019

မြန်မာ့အရေးဆုံးဖြတ် ချက်တစ်ရပ်ကိုကျင်းပနေဆဲ (၇၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ယခုတစ်ပတ်အတွင်း မဲခွဲဆုံးဖြတ်ရန်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေးကပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်တွင် မြန်မာ့အရေးကိစ္စကိုအပြည်ပြည် ဆိုင်ရာပြစ်မှုဆိုင်ရာတရားရုံး (ICC)သို့ လွှဲပြောင်းပေးရန် အစီရင်ခံစာကိုတင်သွင်းဆွေးနွေးမှုများရှိပြီး ယခုတစ်ပတ်အတွင်းမဲခွဲဆုံးဖြတ်မည့် အဆိုမူကြမ်း၌ ICC သို့ လွှဲပြောင်းပေးရေးအချက် ထည့်သွင်းရန် ကြိုးစားမှုများရှိနေသည်။

မြန်မာ့အရေးဆုံးဖြတ်ချက် တွင် ICC သို့ လွှဲပြောင်းပေးရန် အချက်ကိုထည့်သွင်းပါက ပထမဆုံးအကြိမ် ဖြစ်လာမည်ဖြစ်ပြီး ယင်းအချက်မပါဝင်ရန် မြန်မာဘက်က မျှော်လင့်ထားသည်။ https://www.7daydaily.com/section?id=7

***********

## ၁၂။ ANP ပါတီလာမည့်ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်း၌ ယှဉ်ပြိုင်မည်

November. 10. 2019

၂၀၂၀ ရွေးကောက်ပွဲ ၌ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်သာ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ရခိုင်အမျိုးသားပါတီ (ANP) မူဝါဒရေးရာဦးဆောင် ကော်မတီဝင် ဦးဖေသန်းကပြောသည်။

ရခိုင်အမျိုးသားပါတီအနေဖြင့် ကိုယ်စားလှယ်လောင်းရွေးချယ်မှုကို မြို့နယ်အလုပ်အမှုဆောင်များနှင့် တွေ့ဆုံဆောင်ရွက်မည်ဖြစ်သည်။

"မူအားဖြင့်ရှိတယ်၊ လူတော် လူကောင်းတွေရွေးချယ်ဖို့ရှိတယ်။ လူငယ်တွေဘယ်လောက်ပါရမယ်၊ အမျိုးသမီးတွေဘယ်လောက်ပါရမယ်။ ဒါပေမဲ့လက်တွေ့တော့ မရွေးချယ်ရသေးဘူး။ ရခိုင်အခြေအနေကသိတဲ့အတိုင်းပဲ၊ မဲဆန္ဒနယ်ပယ်ဖျက်ခံရမလားဆိုတာမသိရသေးဘူး။ အဲဒါကို ကျွန်တော်တို့က ကြိုတင်ရွေးချယ်နေရင် သိပ်အဓိပ္ပာယ် ရှိမှာမဟုတ်ဘူး" ဟု ဦးဖေသန်းကပြောသည်။ သို့သော် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများကိုလျာထားရန် ဆောင်ရွက်နေကြောင်း ၎င်းကပြောသည်။ https://www.7daydaily.com/section?id=7

***********

## ၁၃။ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများတွင် ဟိန္ဒူ၊ သက်၊ ရခိုင်၊ ဗမာ၊ ရှမ်း၊ ချင်း တိုင်းရင်းသားများကို တရားမဲ့ဖမ်းဆီးခေါ်ဆောင်မှုများ၊ ခြိမ်းခြောက်သတ်ဖြတ်မှုများကို မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အရေးတယူစစ်ဆေးကူညီပေးစေလိုဟု လွှတ်တော်ကိုယ်စားလှယ် ဆွေးနွေး

November.14. 2019

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများတွင် ဟိန္ဒူ၊ သက်၊ ရခိုင်၊ဗမာ၊ ရှမ်း၊ ချင်း တိုင်းရင်းသားများကို တရားမဲ့ဖမ်းဆီးခေါ်ဆောင်မှုများ၊ ခြိမ်းခြောက်သတ်ဖြတ်မှုများကို မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အရေးတယူစစ်ဆေးကူညီဆောင်ရွက်ပေးစေလိုဟု လွှတ်တော်ကိုယ်စားလှယ်ကဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၁၃ ရက်ကပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာ ၂၄ ရက်အထိ ဆောင်ရွက်ခဲ့သောလုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာနှင့် ပတ်သက်ပြီး ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးက ယင်းသို့ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဦးသောင်းအေးက လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုတွင် ယခင်တိုင်ကြားစာ လက်ကျန်အပါအဝင် တိုင်စာ ၂၃၇၆ စောင်ရှိပြီး ၇၂၅ မှု ကိုင်တွယ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ တိုင်စာနှင့်ပတ်သက်ပြီး ကော်မရှင်ရုံးသို့ ခေါ်ယူစစ်ဆေးမှုသုံးခုသာ ဖော်ပြရှင်းလင်းထားသည်ကို တွေ့ရကြောင်း၊ ထို့အတွက်နောက်နောင်တွင် ယခုထက် ပိုမိုဆောင်ရွက်ပေးရန်တိုက်တွန်းကြောင်းဆွေးနွေးခဲ့သည်။ https://news-eleven.com/article/145374

***********

၁၄။ **အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏တုံ့ပြန်ချက်များကို သိရှိလိုကြောင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တင်ပြဆွေးနွေး**

November. 14. 2019

အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တုံ့ပြန်ချက်များကို သိရှိလိုကြောင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ကတင်ပြခဲ့သည်ဟုသိရသည်။

နိုဝင်ဘာ ၁၃ ရက်ကပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာ ၂၄ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာနှင့်ပတ်သက်၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ညီညီလွင်က ယင်းသို့ တင်ပြခဲ့ခြင်းဖြစ်သည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က "လူ့အခွင့်အရေးဆိုတာ လူသားတွေရဲ့အရေး၊ လူသားဘဝကောင်းမွန်စွာ ရှင်သန်ဖို့၊ လွတ်လပ်စွာနေထိုင်ဖို့အရေးဖြစ်ပါတယ်။ ဒီအခွင့်အရေးတွေကို ဖျက်ဆီးနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ လုပ်ရပ်တွေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့ တုံ့ပြန်ချက်တွေကို သိရှိလိုပါတယ်။ ရခိုင်အရေးနဲ့ပတ်သက်ပြီး ပြည်ပအဖွဲ့အစည်းတချို့နဲ့ ကုလသမဂ္ဂလက်အောက်ခံ နိုင်ငံတကာအဖွဲ့အစည်းတချို့က မြန်မာနိုင်ငံအပေါ်လူ့အခွင့်အရေး ချိုးဖောက်မှုတွေရှိတယ်လို့ စွပ်စွဲပြောဆိုမှုတွေရှိနေတဲ့ အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ပြန်လည်ချေပဖြေရှင်းဆောင်ရွက်နေတာတွေ့ရပါတယ်။ ကော်မရှင်အနေနဲ့ လည်းပြည်ပအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ လူ့အခွင့်အရေးဆိုင်ရာ စွပ်စွဲချက်တွေအပေါ် မည်သို့တုံ့ပြန်ဆောင်ရွက်နေတယ်ဆိုတာကို ချပြရှင်းလင်းသင့်ပါတယ်" ဟု ဆွေးနွေးခဲ့သည်။ https://news-eleven.com/article/145371

## ၁၅။ ရခိုင်ပြည်နယ်ရှိ မဲဆန္ဒနယ်အားလုံးတွင် ရွေးကောက်ပွဲကျင်းပရန် အစီအစဉ်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ပြောကြား

14. November. 2019

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မောင်တောနှင့်ဘူးသီးတောင်မြို့နယ်တွင် မဲစာရင်းမကောက်ယူနိုင်သေးသော်လည်း ပြည်နယ်ရှိ မဲဆန္ဒနယ်အားလုံးတွင် ရွေးကောက်ပွဲကျင်းပရန်ဆုံးဖြတ်ထားပြီး အစီအစဉ်လည်းရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ပြောရေးဆိုခွင့်ရှိသူ ဦးမြင့်နိုင်ကပြောကြားသည်။

နိုဝင်ဘာ ၁၃ ရက်က နေပြည်တော်ရှိ Grand Amara Hotel ၌ပြုလုပ်သည့် ရွေးကောက်ပွဲဆိုင်ရာစွမ်းရည်မြှင့်သင်တန်းအခမ်းအနားတွင် မီဒီယာများ၏မေးမြန်းမှုအပေါ် အထက်ပါအတိုင်းပြန်လည်ဖြေကြားခြင်းဖြစ်သည်။

"ရွေးကောက်ပွဲကျင်းပသွားမယ်လို့ ယနေ့ထက်ထိ အဲဒီလိုပဲဆုံးဖြတ်ထားပါတယ်။ မဲဆန္ဒနယ်တိုင်းကို ရွေးကောက်ပွဲကျင်းပနိုင်အောင် ဆောင်ရွက်သွားမယ်လို့ အစီအစဉ်ရှိပါတယ်။ အကုန်လုံးမြို့နယ်တိုင်းကိုနော်။ မြို့နယ်တိုင်းကို ကျင်းပဖြစ်အောင်ကြိုးစားဆောင်ရွက်သွားမယ်လို့ အစီအစဉ်ရှိပါတယ်"ဟု ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်ကပြောကြားသည်။ https://news-eleven.com/article/145368

************

## ၁၆။ မြေပုံမြို့နယ် ယိုးချောင်းဒေသတွင်းရှိဒေသခံများAA အဖွဲ့နှင့်ဆက်စပ်မှု ရှိ၊ မရှိ တပ်မတော်က စစ်ဆေးနေပြီး ဆက်စပ်မှုရှိပါက ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်မည်

4. November. 2019

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ယိုးချောင်းဒေသ၊ ရွာသာယာကျေးရွာရှိဒေသခံများ ရခိုင်လက်နက်ကိုင်အဖွဲ့ (AA) နှင့် ဆက်စပ်မှုရှိ၊မရှိ ကို တပ်မတော်စစ်ကြောင်းက စစ်ဆေးမှုများပြုလုပ်နေပြီး ဆက်စပ်မှုများရှိပါက ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူစစ်ဦးစီးပထမတန်း ဗိုလ်မှူးကြီးဝင်းဇော်ဦးက ပြောကြားသည်။

ရွာသာယာကျေးရွာတွင် စစ်ဆေးမှုများပြုလုပ်ရန်အတွက် တပ်မတော်စစ်ကြောင်းတစ်ခုသည် နိုဝင်ဘာ ၉ ရက်တွင် အဆိုပါကျေးရွာသို့ ရောက်ရှိခဲ့ပြီး နိုဝင်ဘာ ၁၂ ရက်တွင် လူငါးဦးကိုဖမ်းဆီးခေါ်ဆောင်သွားခဲ့ကာ လိုအပ်ချက်အရ စစ်ဆေးခြင်းဖြစ်သည်ဟု ဗိုလ်မှူးကြီးဝင်းဇော်ဦးကပြောကြားသည်။

"ကျွန်တော်တို့ကလိုအပ်လို့စစ်ဆေးတာပါ။ ပြီးသွားလို့ရှိရင်ဘာမှတစ်ခုခုလုပ်မထားဘူးဆိုရင် ဘာမှမလုပ်ပါဘူး။ အဓိက ကတော့ဗျာ AA နဲ့ ပါဝင်ပတ်သက်မှုရှိသလား၊ AA နဲ့ ဆက်စပ်မှုရှိသလား AA ကို ဘာတွေထောက်ပံ့ ပေးနေသလဲ ဒါတွေဆက်စပ်မှုရှိတယ်ဆိုရင်တော့ သူ့ဟာသူတရားဥပဒေလမ်းကြောင်းအရ ဆက်လုပ်သွားမှာပေါ့ဗျာ။ ဒါတွေနဲ့ငြိစွန်းမှုမရှိဘူးဆိုရင်တော့ ဘာမှလုပ်စရာအကြောင်းမရှိပါဘူး။ ကျွန်တော်တို့ကလည်း စစ်တယ်၊ ဆေးတယ် ဆိုတာက သတင်းရထားလို့စစ်တာ၊ဆေးတာပါ"ဟု ဗိုလ်မှူးကြီးဝင်းဇော်ဦးကပြောကြားသည်။ https://news-eleven.com/article/145366

၁၇။ ကရင်နီလူငယ်တွေကို ထောင်ဒဏ်ချမှတ်လိုက်တာဟာ နိုင်ငံရေးရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်သည်ဟုဆို

November. 10, 2019

ကရင်နီလူငယ်တွေကို ထောင်ဒဏ်ချမှတ်လိုက်တာဟာ နိုင်ငံရေးရာဇဝတ်မှုကျူးလွန်တာဖြစ်ကြောင်း ကရင်နီလူငယ် ခူးကြူဖဲကေးက ပြောကြားလိုက်သည်။ ယနေ့လွိုင်ကော်မြို့နယ် တရားရုံးတွင် ထောင်ဒဏ်ခြောက်လ ချမှတ်ခံရအပြီး မီဒီယာများရဲ့မေးမြန်းမှုအပေါ် သူကပြောကြားလိုက်ခြင်းဖြစ်သည်။

"အမျိုးသားတန်းတူရေးနဲ့ ငြိမ်းချမ်းရေးကိုကြွေးကြော်ပြီး တက်လာတဲ့အစိုးရလက်ထက်မှာ တိုင်းရင်းသားသမိုင်းနဲ့ တိုင်းရင်းသားအခွင့်အရေးတွေကို တောင်းဆိုတဲ့သူတွေကို ထောင်သွင်းအကျဉ်းချတာဟာ အင်မတန်မှရုပ်ဆိုးတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ ဆိုတော့အမျိုးသားတန်းတူရေးလို့ပြောပြီးတော့ တိုင်းရင်းသားတွေကို ဖိနှိပ်နေတာဟာ နိုင်ငံရေးရာဇဝတ်မှုကျူးလွန်နေတာဘဲဆိုတာကို ဒီနေ့ဒီမှာအားလုံးမျက်ဝါးထင်ထင်တွေ့ပြီးဖြစ်တယ်။ ဆိုတော့ ဒါဟာ နိုင်ငံရေးရာဇဝတ်မှုကျူးလွန်တာဘဲဖြစ်တယ်" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခံထောင်ချခံ ကရင်နီနောက်တစ်ဦးဖြစ်သည့် ခွန်းသောမတ်စ်က ကရင်နီသမိုင်းကို ကာကွယ်တဲ့အနေနဲ့ ကရင်နီလူငယ်ထုတွေရဲ့ လှုပ်ရှားမှုကိုဟန့်တားပြီး သူတို့ကိုဖမ်းဆီးလိုက်တာ ဒီမိုကရေစီအစိုးရလို့ပြောပေမဲ့ အာဏာရှင် ဆန်နေသေးသည်ဟုဆိုသည်။

"ကျနော်တို့ဟာ ဖမ်းဆီးထောင်ချခံရမဲ့သူ ဖမ်းဆီးထောင်ချခံသင့်တဲ့သူတွေမဟုတ်ပါဘူး ဖမ်းဆီးထောင်ချဖို့ နိုင်လုံတဲ့ အကြောင်းလည်းမရှိပါဘူး သို့သော် ..ဒီကနေ့ကျနော်တို့ကို ဖမ်းဆီးထောင်ချလိုက်တာဟာ ဒီမိုကရေစီအစိုးရလို့ ပြောပေမဲ့အာဏာရှင်ဆန်နေသေးတာကိုပြတာပါဘဲ" ဟုဆိုသည်။ https://www.bnionline.net/mm/news-69171

************

၁၈။ ၂၀၁၉ ခုနှစ်အတွက် ပဒိုမန်းရှာလူငယ်ခေါင်းဆောင်ဆု အဆိုပြုလွှာစတင်ခေါ်ယူ

November. 12. 2019

စအိုင်ဆူး — ၂၀၁၉ ခုနှစ်အတွက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ပဒိုမန်းရှာလားဖန်း လူငယ်ခေါင်းဆောင်ဆု အဆိုပြုလွှာကို ယနေ့ (နိုဝင်ဘာလ၁၁ရက်)မှစ၍ စတင်အဆိုပြုနိုင်ပြီး ဖြစ်ကြောင်း ဖန်းဖောင်ဒေးရှင်းက ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

၂၀၀၈ ခုနှစ်မှစတင်ပေးအပ်သည့် အဆိုပါဆုအတွက် ကိုယ့်ကျိုးမဖက်အများအကျိုးအတွက် ဦးဆောင်လှုပ်ရှား ဆောင်ရွက်နေသည့် မည်သည့်ကရင်လူငယ်ကိုမဆို ရွေးချယ်ပေးအပ်သွားနိုင်ရန် ယခုလိုအသိပေးကြေညာလိုက် ခြင်းဖြစ်သည်ဟု ဖန်းဖောင်ဒေးရှင်းကဆိုသည်။

" ကရင်လူငယ်တွေသူတို့ရဲ့ နယ်ပယ်လူ့အဖွဲ့အစည်းအတွက်ပဲဖြစ်ဖြစ် ကရင်လူ့အဖွဲ့အစည်း တစ်ခုလုံးအတွက်ပဲ ဖြစ်ဖြစ် လှုပ်ရှားဆောင်ရွက်နေတဲ့ဘယ်သူကိုမဆို Community ခေါင်းဆောင်တွေကနေဖြစ်စေ၊ ဒေသတွင်းခေါင်းဆောင် အဖွဲ့အစည်းခေါင်းဆောင်တွေကနေဖြစ်စေ လူငယ်ခေါင်းဆောင်တစ်ယောက် ပေါ်ထွန်းလာဖို့အတွက်

ထောက်ခံပြီး အမည်စာရင်းတွေတင်သွင်းလာဖို့ အသိပေးချင်ပါတယ် ” ဟု ပဒိုမန်းရှာလားဖန်း၏ သားကြီး စောစေးစေးဖန်းက ကေအိုင်စီသို့ပြောသည်။

ထိုဆုအတွက် စာရင်းတင်သွင်းမည့် သူများအနေဖြင့် အမည်၊အသက်၊မွေးသက္ကရာဇ်၊ နေရပ်နှင့်အဖွဲ့အစည်းနာမည် များဖြင့် တကွကမ္ဘာအရပ်ရပ်တွင်နေထိုင်သည့် မည်သည့် ကရင်အဖွဲ့အစည်း၊ဆွေမျိုးသားချင်းကို မဆိုနာမည် တင်သွင်းနိုင်ပြီးလာမည့် ဒီဇင်ဘာလ ၃၁ ရက်နေ့ ၆ နာက်ဆုံးထား၍ ကရင်၊မြန်မာနှင့် အင်္ဂလိပ်ဘာသာဖြင့် bwabwa.phan@ phanfoundation.org သို့ နာမည်စာရင်းပို့ဆောင်ပေးရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက www.phafoundation.org တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ https://www.bnionline.net/mm/news-69181

***********

## ၁၉။ ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ရေးအတွက် စွမ်းဆောင်ပေးမည်ဟုကရင်ဝန်ကြီးချုပ်ပြော

November. 12. 2019

စောမြတ်ဦးသာ — ကရင်စာပေနှင့်ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ပေးသွားမည်ဟု နိုဝင်ဘာလ ၉ ရက်နေ့က ခလယ်-တံခွန်တိုင်ရွာဇီးဖြူကုန်းကျောင်း၌ ပြုလုပ်ကျင်းပသည့် ပထမဆုံးအကြိမ် မြို့နယ်အဆင့် ကရင် စာပေပြိုင်ပွဲဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်နန်းခင်ထွေးမြင့်ကပြောသည်။

"ကိုယ့်စာပေယဉ်ကျေးမှုတွေကိုဖော်ထုတ်ရမယ်။ ထိန်းသိမ်းရမယ်ဆိုတဲ့စိတ်ဓာတ်တွေရှိရင် ဘယ်လိုအခြေနေမှာပဲ ဖြစ်နေ ကျမတို့ဆောင်ရွက်နိုင်ပါတယ်။ ကရင်စာပေတိုးတက်လာဖို့ဟာ ကျမတို့မှာလုံးဝရာနှုန်းပြည့် တာဝန်ရှိပါ တယ်။ တတ်နိုင်သမျှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကရင်စာပေယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင် မယ်လို့ ကတိပေးပါတယ်" ဟု ဝန်ကြီးချုပ်နန်းခင်ထွေးမြင့်က အခမ်းအနားတွင်ပြောသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်အဆင့် ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းကို ယခုနှစ် ၂၀၁၉ ခုနှစ် တွင် စတင်ဖွဲ့စည်းခဲ့ပြီး တစ်နှစ်လျှင် ကရင်စာပေပြိုင်ပွဲသုံးကြိမ်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပထမဆုံးအကြိမ် အနေဖြင့် ခလယ်-တံခွန်တိုင်ရွာဇီးဖြူကုန်းရင်ပြင်တော်တွင် အောက်တိုဘာလ ၁၆ ရက်နေ့က စာပြိုင်ပွဲပြုလုပ် သွားကြောင်းကျင်းပရေးတာဝန်ရှိသူထံမှသိရသည်။ https://www.bnionline.net/mm/news-69180

**********

## ၂၀။ ပလက်ဝမြို့နယ်တွင် ညမထွက်ရအမိန့်ထုတ်ပြန်

November. 10. 2019

မြန်မာ့တပ်မတော်နှင့်ရက္ခိုင့်တပ်မတော် (အေအေ) တပ်ဖွဲ့တို့စစ်မက်ဖြစ်ပွားရာ ဒေသ ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်တွင် နိုဝင်ဘာလ (၉) ရက်နေ့ကစ၍ ညမထွက်ရအမိန့် ပုဒ်မ (၁၄၄)ကို မြို့နယ်အုပ်ချုပ်ရေးမှူး က ထုတ်ပြန်လိုက်သည်။

ပလက်ဝမြို့နယ်တွင် အကြမ်းဖက်သောင်းကြမ်းသူများမှ မိုင်းထောင်ဖောက်ခွဲခြင်း၊ ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း သာမန်အရပ်သားပြည်သူ အယောင်ဆောင်ဝင်ရောက်ပြီး အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်တိုက်ခိုက်မှု ခေါ်ဆောင်မှုများဆောင်ရွက်ခြင်း၊ ထိတွေ့တိုက်ပွဲဖြစ်စဉ် အချို့တွင်အပြစ်မဲ့ အရပ်သား ပြည်သူ အချို့သေဆုံး/ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ညအချိန်လွတ်လပ်စွာ ဆက်လက်သွားလာခွင့်ပြု ပါက အကြမ်းဖက်မှုများ ပိုမိုထိရောက်စွာဆောင်ရွက်လာဖွယ်ရှိသဖြင့် လုံခြုံရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ (၁၄၄) ည မထွက်ရအမိန့်ကို နိုဝင်ဘာလ ၉ ရက်နေ့စွဲဖြင့် ပလက်ဝမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုးအောင်ကထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယင်းအမိန့်ထုတ်ပြန်ချက်တွင် ပလက်ဝမြို့နယ်အတွင်း မည်သူမဆိုည (၆) နာရီမှ နံနက်(၆)နာရီအတွင်း အမိန့် တစ်စုံ တရာမရှိဘဲ လုံခြုံရေးတာဝန်ရှိသူမှအပ သွားလာလှုပ်ရှားခြင်းမပြုကြောင်း ပလက်ဝမြို့နယ်အတွင်းရှိ လမ်းမကြီးများ၊ အများပြည်သူသွားရာလမ်း၊ လမ်းသွယ်၊လမ်းကြားအများ ပြည်သူနှင့်သက်ဆိုင်သော အဆောက် အဦး နေရာများတွင် ဆူပူလှုံ့ဆော်လိုသောရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ပြစ်မှုတစ်စုံတစ်ရာကျူးလွန်လိုသော ရည်ရွယ် ချက်ဖြင့်ဖြစ်စေလူ (၅) ဦးသို့မဟုတ် (၅) ဦးထက်ပို၍ ဖြစ်စေစုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်း၊ ဟစ်အော် ကြွေးကြော်ခြင်း၊ လှုံ့ဆော်ခြင်း၊ရုန်းရင်းဆန်ခတ်ပြုခြင်းတို့ကို မပြုလုပ်ရန် အကယ်၍အဆိုပါတားမြစ်ချက်များကို ကျူးလွန်ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရအရေးယူဆောင်ရွက်မည်ဟုပါရှိသည်။ https://www.bnionline.net/mm /news-69169

*************

## ၂၁။ ကျုံဒိုးတန်ဆောင်တိုင်ရဲလှည့်ကင်း မော်တော်ယာဉ် လက်ပစ်ဗုံးပစ်ခံထိ ၄ ဦးသေဆုံးပြီး အများအပြား ဒဏ်ရာ ရရှိ

November. 13. 2019

ကရင်ပြည်နယ်ကျုံဒိုးမြို့ တန်ဆောင်တိုင်ပွဲတော်၌ လုံခြုံရေးရဲလှည့်ကင်း မော်တော်ယာဉ်လက်ပစ်ဗုံးပစ်ခံထိသဖြင့် ရဲနှင့်အရပ်သား ၄ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

နိုဝင်ဘာ ၁၁ ရက်ည ၇ နာရီ ၄၀ မိနစ်အချိန်ခန့် ယင်းသို့ လှည့်ကင်းဆောင်ရွက်နေစဉ် ရဲစခန်းအရှေ့ဘက် တစ်ဖာလုံခန့်အကွာ ကော့ကရိတ်-ကျုံဒိုးကုန်းပေါ် လမ်းထိပ်အမှတ် (၁) ရပ်ကွက်၊ ကုန်းပေါ်ဈေးအနီးရောက်ရှိစဉ် မော်တော်ဆိုင်ကယ်ဖြင့် အနီးမှဖြတ်သန်းမောင်းနှင်သွားပြီး လှည့်ကင်းယာဉ်ပေါ်သို့ လူတစ်ဦးလက်ပစ်ဗုံးတစ်လုံး ပစ်သွားခဲ့ကြောင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှသိရသည်။

ယင်းလက်ပစ်ဗုံးပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်ပါသူများဒဏ်ရာရရှိပြီး ကျုံဒိုးပြည်သူ့ဆေးရုံသို့ ပို့အပ်စဉ် ဆေးရုံအ ရောက် ရဲတပ်ကြပ်ကြီး အောင်ကြိုင်နှင့် ရဲတပ်သား ဌေးဝင်းတို့ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း၊ ရဲအရာရှိ ၂ ဦးနှင့်အခြားအဆင့် ၃ ဦးတို့မှာ ဒဏ်ရာအသီးသီး(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း၊သိရသည်။ ထို့ပြင်တန်ဆောင်တိုင် ပွဲတော်လာရောက်သူ အရပ်သား ၂ ဦးသေဆုံးခဲ့ပြီး ရဲအပါအဝင်စုစုပေါင်း ၁၀ ဦးခန့် ဒဏ်ရာ ရရှိခဲ့ကြောင်း ဒဏ်ရာ စိုးရိမ်ရသူများကို ဘားအံဆေးရုံသို့ ညတွင်းချင်း နာရေးကူညီမှုအသင်းကားများဖြင့် ပို့ဆောင်ပေးခဲ့သည်။ https://www.bnionline.net/mm/news-69194

## ၂၂။ တိုင်းရင်းသားဒေသများတွင်ရွေးကောက်ပွဲများစိန်ခေါ်မှုများပိုများမည်

November. 13. 2019

၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် တိုင်းရင်းသားပါတီများက ပြင်ဆင်မှုများစတင်လုပ်ဆောင်နေကြရာ နယ်မြေ မတည်ငြိမ်မှုများ၊ စစ်ရေးပဋိပက္ခများ၊ စစ်ရေးတင်းမာမှုများနှင့် တိုက်ပွဲများဖြစ်ပွားနေသေးသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် အခြားသောပြည်နယ်နှင့် တိုင်းများနှင့်မတူသည့် စိန်ခေါ်မှုများအများအပြားရှိနေသည်ဟု သက်ဆိုင်ရာတိုင်းရင်းသား နိုင်ငံရေးပါတီများကပြောဆိုထားကြသည်။

ကချင်ပြည်နယ်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မရရှိပါက ၂၀၂၀ ရွေးကောက်ပွဲအပေါ် သက်ရောက်မည်ကို ပြည်နယ်အတွင်းရှိ ပါတီများကစိုးရိမ်နေကြသည်။

"တပ်မတော်က လုံခြုံရေးမကောင်းဘူးဆိုပြီး အကြောင်းပြလိုက်လို့ရှိရင် အဲ့ဒီမဲဆန္ဒနယ် သူတို့ရွေးကောက်ပွဲကော်မရှင်က တော့ဖွင့်ပေးမှာမဟုတ်ဘူး။ အဲ့ဒါမျိုးတွေရှိတဲ့အခါကျတော့ ဒါကအမျိုးမျိုးဖြစ်လာနိုင်တယ်လေ။ အမှန်မကန်ဖြစ်လာနိုင်တဲ့အနေအထားမျိုးက အဲ့ဒီကနေစလာနိုင်တယ်။ တိုင်းသားဒေသတွေကတော့ တိုက်ပွဲတွေက အနီးစပ်ဆုံးဖြစ်နေတာကိုး။ အထူးသဖြင့် ကချင်ပြည်နယ်တို့ ရှမ်းပြည်နယ်မြောက်ပိုင်းတို့ ရခိုင်တို့ အဲ့လိုမျိုးနေရာတွေမှာ ကျနော်တို့က မဲဆန္ဒနယ်တော်တော်များများ ပိတ်ခံရမှာကိုစိုးရိမ်တယ်။" ဟု ကချင်ပြည်နယ်ပြည်သူ့ပါတီ (KSPP) ဥက္ကဋ္ဌဒေါက်တာမနမ်တူးဂျာကပြောသည်။ https://www.bnionline.net/mm/news-69204

**********

## ၂၃။ TNLA နှင့်တပ်မတော်ယခုလအတွင်းတိုက်ပွဲ ၅ ကြိမ်ဖြစ်

November. 12. 2019

တအန်း(ပလောင်)အမျိုးသားလွတ်မြောက်ရေးတပ်မတော် PSLF/TNLA နှင့် တပ်မတော်တို့အကြားတွင် နိုဝင်ဘာလအတွင်း တိုက်ပွဲ ၅ ကြိမ်ဖြစ်ပွားခဲ့သည်ဟု PSLF/TNLA ကပြောသည်။

PSLF/TNLA သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးမိုင်းအိုက်ကျော်က "အများဆုံးကတော့ ကွတ်ခိုင်မြို့နယ်ပေါ့နော်။ ဒီနမ့်ဆန်လည်းဖြစ်တယ်၊ နမ့်ခမ်းဘက်လည်းဖြစ်တယ်။ ဒီကျနော်တို့ရှိတဲ့နေရာကို တဖက်ကလာရောက်ပစ်ခတ်တဲ့အတွက် တိုက်ပွဲဖြစ်ပွားတာဖြစ်တယ်" ဟုပြောသည်။

နိုဝင်ဘာလ ၁ ရက်နေ့မှ ၆ ရက်နေ့အတွင်း နမ့်ခမ်း၊ ကွတ်ခိုင်နှင့် နမ့်ဆန်မြို့နယ်များတွင် တိုက်ပွဲ ၅ ကြိမ် ဖြစ်ပွားခဲ့သည်ဟုပြောသည်။

လက်ရှိအချိန်တွင်လည်း တပ်မတော်ဖက်မှ ၎င်းတို့လှုပ်ရှားရာဒေသများဖြစ်သည့် ကျောက်မဲ၊မန်တုံ၊နမ္မတူ၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ မူဆယ်၊နမ့်ဆန်စသည့်မြို့နယ်များအတွင်းသို့ တပ်အင်အားတိုးချဲ့မှုများရှိနေသည့်အတွက် တိုက်ပွဲ ထပ်မံဖြစ်ပွားလာနိုင်သည့်အနေအထားတွင်ရှိနေသည်ဟု PSLF/TNLA ကပြောသည်။

"https://www.bnionline.net/mm/news-69176

**၂၄။ ကွတ်ခိုင်မြို့အနီးတွင် ပစ်ခတ်မှုများဖြစ်ပွားသဖြင့် ကိုယ်ပိုင်ကျောင်းမှ ကျောင်းကြိုယာဉ်မောင်းနှင့် ဆရာတစ်ဦးဒဏ်ရာရရှိခဲ့ပြီး ကွတ်ခိုင်မြို့တွင်းရှိဈေးကိုလည်းပိတ်ထားရ**

14. November. 2019

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး - မူဆယ်ပြည်ထောင်စုကားလမ်းမကြီးပေါ် ကွတ်ခိုင်မြို့အဝင် လွယ်ဆမ်ဆစ်တောင်ကြော အနီးတွင် နိုဝင်ဘာလ ၁၄ ရက်နေ့ နံနက်ပိုင်းက ပစ်ခတ်မှုများဖြစ်ပွားခဲ့သဖြင့် ကျောင်းကြိုကားတစ်စီး လက်နက်ငယ်ကျည်ဆံထိမှန်ခဲ့ကြောင်း သိရသည်။ ပစ်ခတ်မှုခံရသည့် ယာဉ်မှာ ကွတ်ခိုင်မြို့ရှိ ကိုယ်ပိုင်ကျောင်းတစ်ကျောင်းမှ ကျောင်းကြိုယာဉ်တစ်စီးဖြစ်ပြီး ပစ်ခတ်မှုမှလွင့်စင်လာသည့် မှန်စကြောင့်ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ယာဉ်မောင်းဖြစ်သူနှင့် ဂိုက်ဆရာတစ်ဦးမှန်စထိမှန်ခဲ့ကြောင်းသိရသည်။

" ဒီနေ့မနက်ကိုယ်ပိုင် ကျောင်းတစ်ကျောင်းကယာဉ်မောင်းနဲ့ ဂိုက်ဆရာတစ်ဦးလိုက်ပါလာပြီး ကျောင်းသွားကြိုမယ့်ကားအပစ်ခံလိုက်ရတယ်။ ကျည်ဆံကကားမှန်လာမှန်ပြီး ကားရဲ့မှန်ကွဲစတွေက ယာဉ်မောင်းနဲ့ အဲ့ဒီဂိုက်ဆရာကိုလာစင်တာပေါ့။ သူတို့နှစ်ဦးကိုတော့ ကွတ်ခိုင်ပြည်သူ့ဆေးရုံမှာ သွားရောက်ကုသနေပါတယ်။" ဟု ကွတ်ခိုင်မြို့နေဒေသခံတစ်ဦးကပြောသည်။ https://news-eleven.com/article/145433

မှတ်ချက်။ သက်ဆိုင်ရာ သတင်းမီဒီယာအသီးသီးထံမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

**** ပြီး ****